

"ကဗျာ" သည် "ပန်းချီ"

"ပန်းချီ" သည် "ကဗျာ" ဖြစ်လေသည်။

**ဗဂျီအောင်စိုး**

**Sep 1973**

*** * ***

# ကဗျာမဲ့ည

'ခံစားရသူတိုင်း ကဗျာရေးတယ်'

ဒါအလုံးစုံမှန် . . . မထင်ဘူး။

နေရာဒေသမရွေး

လူမျိုးဘာသာမရွေး

မည်သည်ကို . . . မဆို

မည်သည့်ပုံစံဖြင့် . . . ဖြစ်စေ

နည်း/များမဟူ

ထိရှခံစားကြရသူတိုင်း

ရင်ထဲက . . . ဖြစ်စေ (ကြိတ်၍ ) ထုတ်ဖော်၍ . . . ဖြစ်စေ (လူသိရှင်ကြား) ငိုကြွေးကြတယ်

ဒါအကြွင်းမဲ့မှန် . . . နိုင်ကောင်းတယ်။

ငါတို့၊ မင်းတို့၊ သူတို့တွေ

အမှားတွေ ဆင့်ဆင့်ပြီး မှားတာကြီးက

ခေါက်ရိုးပဲ ကျိုးနေလေရော့

ခန္ဓာရလာတော့လည်း 'ခံလိုက်' ဆိုသလိုမျိုး

ထုသားပေသားကို ကျလို့။

'ကဗျာဆိုတာ တစ်ကြိမ်ပဲလာတယ်' . . . တဲ့

အပျော်တွေလည်း . . . အရည်ပျော်ကျကုန်ပါပြီလေ ။ ။

**Poemless Night**

‘Those who feel write poems'

I don't think it's right.

Any where

Any nationality or religion Anything

by means of any form more or less

those who suffer .....

in mind (secretly) or in words (openly)

they cry

That may be absolytely right.

That .....we .....you .....they make mistakes many times is the very common

like getting pain due to this physical Everything normal.

Said .....Poem comes only once'

All happiness has melted.

**Trs: Moeset**

*

## နေသာရုံ၊ တစ်ကိုယ်ရည်



တတိယမျက်လုံး

ဆဋ္ဌမအာရုံ

ဒုတိယအရွယ်

မင်းလိုချင်နေတာ 'ငွေ'

ငါလိုချင်တာ 'ကဗျာ'။

ငါ့ကမ္ဘာရဲ့

နေမထွက်သေးတဲ့ နံနက်ခင်းဟာ

26˚ C ရှိနေပါပေါ့

ပင်လုံးကျွတ်ပွင့်တဲ့ ပိတောက်နေ့မှာတောင်

ချစ်သူမရှိဘဲ

တစ်မိုးသောက်တာတွေ

တစ်နေဝင်တာတွေ

အဓိပ္ပာယ်လက်တစ်ဆုံးပျောက်နေမှတော့။

အသက် (၄၀)ကျော်မှ

သွားတိုက်ပုံမှားနေတာ

ဆရာဝန်က ဖေးဖေးမမ ထောက်ပြလို့သိရ

တစ်သက်တာ ဖြတ်သန်းခဲ့ပြီးပါမှ

လိုတရ ဆေးခါးကြီး

မြည်းရင်း မြည်းရင်း လုံးပါးပါးရသလိုပ။

ပုလဲတစ်လုံး ရွှဲတစ်လုံးနဲ့

ငါ့လှေငါထိုးခဲ့ရပြန်တော့

တိုတိုဝင်သွားတဲ့ ငါ့စိတ်တွေ

မုဒိတာကမ်းပါးမှာ

ဆူဆူအောင့်အောင့်နဲ့ လရောင်မျှားနေလိုက်ပုံများ။

* * *